# ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး

# ၁၉ ရက်မြောက်နေ့ အစီအစဉ်

# [ ၂၆–၆–၂၀၁၄ ] (ကြာသပတေးနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ၁၉ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ က ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များ က မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးသန်းစိုး၊ သာစည် မဲဆန္ဒနယ်၏ **သာစည်မြို့နယ် ရဲတပ်ဖွဲ့မှူးရုံးနှင့် မြို့မရဲစခန်းရှိ ဟောင်းနွမ်းနေသော ဝန်ထမ်းအိမ်ရာ အဆောက်အအုံ များအား ပြုပြင်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဒေါက်တာဒေါ်အေးမြင့်၊ ရွှေတောင် မဲဆန္ဒနယ်၏ **ရွှေတောင်မြို့နယ်၊ ကြာနီကန်ရပ်ကွက်နှင့် ပေကုန်းကျေးရွာအနီးတွင် တောရှင်းရာမှ တွေ့ရှိသော သိမ်၊ ဘုရား၊ ရဟန္တာရုပ်တုများသည် ပျူခေတ် လက်ရာများဟု ထင်မြင်ယူဆပါသဖြင့် ရှေးဟောင်း သုတေသနဌာန မှ မည်သို့ ဆောင်ရွက်မည်** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးစိုင်းဘိုးအောင်၊ မူဆယ် မဲဆန္ဒနယ်၏ **တရုတ်နိုင်ငံသို့ သွားရောက် အလုပ်လုပ်ကိုင်နေသောရွှေ့ပြောင်း အလုပ်သမားများ တရားဝင် သွားရောက်နိုင်ရေးနှင့် ၎င်းတို့ကို အထောက်အထားလက်မှတ်များ ထုတ်ပေးနိုင်ရေး** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးသိန်းညွန့်၊ သဃင်္န်းကျွန်း မဲဆန္ဒနယ်၏ **မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာနက ဆေးရုံစီမံကိန်းအဖြစ် သဃင်္န်းကျွန်းမြို့နယ် ၈၀နနှင့် ဆ/ကရပ်ကွက် ရှိ လူနေ အဆောက်အအုံ(၂၀၀)ကျော် မြေနေရာအား သိမ်းဆည်းခဲ့ကာ Asia World Co.,Ltd. သို့ လွှဲပြောင်းပေးခဲ့ပြီး လုံးချင်းတိုက်များ ဆောက်လုပ်၍ ပုဂ္ဂလိကများသို့ ရောင်းချခဲ့သည်ကို သိပါသလား၊ မူလနေထိုင်သူ နိုင်ငံသားများ၏ နစ်နာမှုအတွက် မည်သို့ တာဝန်ယူ ဖြေရှင်းပေးမည်** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးမြင့်စိုး၊ ပျော်ဘွယ် မဲဆန္ဒနယ်၏ **ရန်ကုန်–မန္တလေး အဝေးပြေး လမ်းမကြီးတွင် ယာဉ်တိမ်းမှောက်မှုများ၊ ကားမီးလောင်မှုများနှင့် ယာဉ်များအား လုယက်ရန်ကြံစည်မှုများ မကြာခဏ ကြုံတွေ့ရသည့် အတွက် ထိုလမ်းမကြီးအား နိုင်ငံတကာ အဆင့်မီပြုပြင်ရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးသာဝင်း၊ ရန်ကင်း မဲဆန္ဒနယ်၏ **ရန်ကုန်–နေပြည်တော်–မန္တလေး အမြန်လမ်းမကြီး၏ လမ်းဘေးတစ်လျှောက်တွင် အရိပ်ရ နှစ်ရှည်ပင်နှင့် ထန်းပင်များကို ပြန်လည်စိုက်ပျိုးပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးကြည်သာ၊ ဂွ မဲဆန္ဒနယ်(ကိုယ်စား) ဦးရဲထွန်း၊ သံတွဲ မဲဆန္ဒနယ်၏ **ဂွမြို့နယ်နှင့် ပုသိမ်မြို့တို့ ဆက်သွယ်မည့် ကမ်းရိုးတန်းဒေသလမ်း ဖြစ်သည့် မကျီးငူ–ချောင်းသာ ကမ်းရိုးတန်းလမ်းအား အကောင်အထည် ဖော်ရန် အစီအစဉ်ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဇ) ဦးခင်မောင်ညို၊ ပေါက် မဲဆန္ဒနယ်၏ **ပခုက္ကူ–ပေါက်–ကျောက်ထု–မင်းတပ်–မတူပီ ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ မိုင်တိုင်(၂၅/၃)နှင့် (၃၁/၅) ကြားရှိ သဲချောင်းများအား ရာသီမရွေးသွားလာနိုင်ရန် မည်သို့စီမံထားရှိသည်ကို သိလိုသည်** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော **“ ပြည်ထောင်စုတရားစီရင်ရေး ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း ”** ကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်းနှင့် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း၊

၇။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန် အစည်းအဝေး ၁၉ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ၂၀ ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။